ပဲခူးခရိုင်တရားရုံး

၂၀၁၅-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၅

| | | |
|---|---|---|
| ဦးအောင်ကျော်ဦး | နှင့် | ၁။ ကိုဖိုးခိုင်(ခ)ကိုကျော်ခိုင်ဝင်း<br>၂။ မမိဖြူ(ခ)မခင်ခင်မော် |
| တရားလို | | တရားပြိုင်များ |

ဆန်ဖိုးကျန်ငွေ-၈၉၀၃၅၀၀/-နှင့်နစ်နာကြေးငွေ-၁၅၀၀၀၀၀/- စုစုပေါင်းငွေကျပ်သိန်း-၁၀၄၀၃၅၀၀/-ရလိုမှု

တရားလိုအတွက် - ဦးဇမြင့်၊ တရားလွှတ်တော်ရှေ့နေ

တရားပြိုင်များအတွက် - ဦးမင်းစိန်၊ တရားလွှတ်တော်ရှေ့နေ

**စီရင်ချက်**

၂၀၁၆ခုနှစ်၊ ဇွန် လ ၂၉ ရက်

အမှုမှာ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်နေဦးအောင်ကျော်ဦးက ပဲခူးမြို့၊ အင်းဝင်(၂)လမ်း၊ နန်းတော်ရာရပ်ကွက်နေ ကိုဖိုးခိုင်(ခ)ကိုကျော်ခိုင်ဝင်းနှင့်မမိဖြူ(ခ)မခင်ခင်မော်တို့အပေါ် ဆန်ဘိုးကျန်ငွေ-၈၉၀၃၅၀၀/-နှင့်နစ်နာကြေးငွေ-၁၅၀၀၀၀၀/-စုစုပေါင်းကျပ်သိန်း-၁၀၄၀၃၅၀၀/-ရလိုကြောင်းစွဲဆိုလာသောအမှုဖြစ်သည်။

တရားလို၏အဆိုလွှာတွင် တရားလိုမှာ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဆံတော်တွင်းလမ်းမတန်းတွင် "ထိပ်တန်းကြယ်"အမည်ဖြင့် ဆန်ပွဲရုံဖွင့်ထားကြောင်း၊ (၁)တရားပြိုင်မှာ တရားလို၏ယောက္ခမဒေါ်ခင်ရီ၏တူဝမ်းကွဲတော်စပ်ကြောင်း၊ (၂)တရားပြိုင်မှာ (၁)တရားပြိုင်၏ဇနီးဖြစ်ပြီး တရားပြိုင်များမှာ လွန်ခဲ့သော(၁၀)နှစ်ခန့်ကတည်းက တရားလိုအိမ်တွင် ဝင်ထွက်သွားလာရာမှ ခင်မင်ရင်းနှီးခဲ့ကြကြောင်း၊ တရားလိုမှ ဆန်ပွဲရုံကို ၂၀၁၁ခုနှစ်တွင်ဖွင့်လှစ်ပြီး တရားပြိုင်များမှ (၁၀. ၄. ၂၀၁၂)နေ့တွင် တရားလိုထံမှ ဆန်အိတ်များယူ၍ တစ်ဆင့်ရောင်းချလိုကြောင်း၊ ဆန်အိတ်များကိုယူပြီး တစ်လကြာလျှင် ဆန်အိတ်ဘိုးငွေများပေးချေမည်ပြော လက်ခံခဲ့ကြောင်း၊ (၁၀. ၄. ၂၀၁၂)နေ့တွင် တရားပြိုင်များမှ ဆန်အိတ်များရယူခဲ့ပြီး တစ်လပြည့်ချိန်တွင် ဆန်အိတ်ဘိုးငွေများ ပြန်ပေးခဲ့ကြောင်း၊ (၁၀. ၁၁. ၂၀၁၃)နေ့တွင်ယူသော ဆန်ဘိုးငွေ-၃၁၈၀၀၀/-ကို (၁၁. ၁၂. ၂၀၁၃)နေ့တွင်ပေးသွင်းရန်ဖြစ်သော်လည်း တရားပြိုင်များမှ ၁၄၀၀၀၀/-သာသွင်း၍ ကျန်ငွေမှာ ၁၇၈၀၀၀/-ဖြစ်ကြောင်း၊ တရားလိုသည် ဆိုင်မှလဆိုင်းစနစ် (၁၀)ရက်ဆိုင်းစနစ်ဖြင့် ဝယ်သူများအား ဘောက်ချာမှုရင်းပေးပြီး လက်ခံငွေယူထားကြောင်း၊ လဆိုင်း၊ ရက်ဆိုင်းယူသူများအား ၄" ၆" အရွယ်ရှိစာအုပ်ပေါ်တွင် ကြွေးယူသူအမည်-မှတ်ပုံတင်ရေးပြီး စာအုပ်ထဲတွင် ယူသည့်နေ့၊ ဆန်အမျိုးအမည်၊ အရေအတွက်၊ နှုန်းသင့်ငွေများကိုရေး၍ ဝယ်သူအားပေးပြီး ၄င်းထံတွင်လည်း ဗလာစာအုပ်ထားရှိမှတ်သားကြောင်း၊ ငွေများပေးဆပ်ပါက ထိုစာအုပ်စာရင်းများတွင် အရောင်ကွဲမင်ဖြင့်ရေးဖျက်ကြောင်း၊ ၉လပိုင်းတွင် တရားပြိုင်များယူသောဆန်အိတ်များ၏မေးရာ ဟသာ်ကုန်းလမ်းမနေ ညီညီထွန်းဝိုင်းရောင်းပေးသည်ဟုပြောခဲ့ကြောင်း၊ တရားပြိုင်များမှ (၁၀. ၁၁. ၂၀၁၃)နေ့မှ

စစ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ယူသည်၊
( အေးအေးမြင့် )
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

(၁၀. ၁၂. ၂၀၁၃)ထိ တရားပြိုင်များယူသောဆန်အိတ်ပေါင်းမှာ (၄၆၈)အိတ်ဖြစ်ပြီး၊ တန်ဘိုးစုစုပေါင်း-၉၀၄၃၅၀ဝိ/-ဖြစ်ကြောင်း၊ တရားပြိုင်များမှ ငွေ-၁၄၀၀၀၀ိ/-သွင်း၍ ကျန်ငွေပေါင်းမှာ ၈၉၀၃၅၀ိ/-ဖြစ်ပါကြောင်း၊ တရားပြိုင်များမှ ၎င်းတို့ဆန်များကို ရောင်းရရန်ကူညီပေးသူမှာ ထွက်ပြေးတိမ်းရှောင်သွားသူ ညီညီ(ခ)နေလင်းဦးဖြစ်ကြောင်း၊ သို့ဖြစ်၍ ၎င်းကိုရဲစခန်းတိုင်ရန် တရားလိုလက်ဝယ်ရှိ မှတ်သားထားသောဗလာစာအုပ်အတွင်းရှိ မှတ်သားချက်များကို မိတ္တူကူးယူပြီး တရားပြိုင်နှင့်သွားရာ ရဲစခန်းမှဘောက်ချာမူရင်းများတောင်း၍ မူရင်းဘောက်ချာ(၃၁)စောင် ရေးပေးလိုက်ရကြောင်း၊ တရားပြိုင်များမှ ဆန်အိတ်ဘိုးကျန်ငွေ-၈၉၀၃၅၀ိ/-ပေးခြင်းမရှိသဖြင့် နစ်နာကြေးငွေ-၁၅၀၀၀၀၀ိ/-စုစုပေါင်းငွေကျပ်-၁၀၄၀၃၅၀ိ/-ရရန်စွဲဆိုရပါကြောင်း ဖော်ပြထားသည်။

တရားပြိုင်များ၏အချေလွှာတွင် တရားလိုပွဲရုံမှ ဆန်များဝယ်ယူ၍ရောင်းချခြင်းကို မပြုလုပ်ခဲ့ဘူးကြောင်း၊ တရားလိုထံမှ တရားပြိုင်များဆန်အကြွေးဝယ်ခြင်းမရှိခဲ့ကြောင်း၊ (၁)တရားပြိုင် အိမ်း တရားလိုမှ ဆန်ဖောက်သည်စပ်ခိုင်း၍ ညီညီ(ခ)နေလင်းဦးအား စပ်ပေးခဲ့ရကြောင်း၊ ညီညီ(ခ)နေလင်းဦးမှာ တရားလိုပွဲရုံမှ ဆန်(၄၈၆)အိတ်၊ တန်ဘိုးငွေ-၈၉၀၃၅၀ိ/-မပေးဆပ်နိုင်၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း၊ ယင်းကိစ္စအတွက် တရားလိုမှအမှုဖွင့်ပေးရန်၊ မဖွင့်ပေးပါက အချုပ်ထဲထည့်မည်ဟုပြောပြီးခြိမ်းခြောက်၍ အမှတ်(၁)ရဲစခန်း၊ ပဲခူးမြို့တွင် (၁၂. ၁၂. ၂၀၁၄)နေ့က အမှုဖွင့်ပေးရကြောင်း၊ ညီညီ(ခ)နေလင်းဦးမှာ အိုးပိုင်အိမ်ပိုင်မရှိဘဲထွက်ပြေးသွား၍ တရားလိုမှ တရားပြိုင်များမှာအိုးပိုင်အိမ်ပိုင်ရှိ၍ အမှုဆင်စွဲဆိုခြင်းသာဖြစ်ပါကြောင်း ချေပထားသည်။

အဆိုလွှာ၊ အချေလွှာတို့အရ အောက်ပါငြင်းချက်များ ထုတ်နှုတ်ခဲ့သည်။

(၁) တရားပြိုင်များသည် တရားလိုထံမှဆန်အိတ်များအားဝယ်ယူပြီး တစ်ဆင့်ရောင်းချခဲ့သည်မှာ မှန်သလား။

(၂) တရားပြိုင်များသည် တရားလိုအား ဆန်အိတ်(၄၆၈)အိတ်အတွက် ကျန်ငွေ (၈၉၀၃၅၀ိ/-)ပေးရန် ကျန်သည်မှာ မှန်သလား။
(သို့မဟုတ်)
ညီညီ(ခ)နေလင်းဦးမှ တရားလိုအား ဆန်အိတ်(၄၈၆)အိတ်အတွက် ကာလတန်ဘိုးငွေ-၈၉၀၃၅၀ိ/- ပေးရန်ရှိသည်မှာ မှန်သလား။

(၃) တရားလိုသည် မည်သည့်သက်သာခွင့်ကို ရထိုက်သနည်း။

စိစစ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ယူသည်

**ကောက်ချက်(၁)**

တရားလိုဦးအောင်ကျော်ဦးက ၂၀၁၁ခုနှစ်တွင် ပဲခူးမြို့၊ ဆံတော်တွင်းလမ်းမတန်းတွင် 'ထိပ်တန်းကြယ်'အမည်ဖြင့် ဆန်ပွဲရုံဖွင့်ကြောင်း၊ (၁)တရားပြိုင်မောင်ဖိုးခိုင်မှာ ၎င်း၏ယောက္ခမ လိုပြ(၂)ဒေါ်ခင်ရီ၏တူဝမ်းကွဲတော်သဖြင့် (၁)တရားပြိုင်မောင်ဖိုးခိုင်နှင့်ဇနီး(၂)တရားပြိုင်မဖြူတို့မှ ဆန်အိတ်များအား တစ်ဆင့်ယူရောင်းလိုကြောင်းနှင့်ဆန်ဘိုးငွေများကို တစ်လကြာလျှင်ပေးမည်ဟု (၁၀. ၄. ၂၀၁၂)နေ့တွင်ပြော၍ လက်ခံပြီးသဘောတူပေးခဲ့ရာ၊ တရားပြိုင်များမှလည်း ဆန်ဘိုးများကို တစ်လကြာပြန်ပေးခဲ့ကြောင်း၊ ဆန်အိတ်များကို ရက်ဆိုင်၊ လဆိုင်းရောင်းရာတွင် ဝယ်သူအား ဘောက်ချာမူရင်းများပေးပြီး ၎င်းမှာ လက်ခံသာယူထားကြောင်း၊ လဆိုင်၊ ရက်ဆိုင်းယူသူများအား ၄" ၆" အရွယ်ရှိစာအုပ်ပေါ်တွင် အမည်၊ ဖုန်းနံပါတ်ရေးပြီး စာအုပ်ထဲ၌ ဆန်အိတ်ယူသည့်နေ့၊ ဆန်အမျိုးအစား၊ အိတ်အရေအတွက်၊ ဈေးနှုန်း၊ သင့်ငွေ၊ ပို့ရမည့်လိပ်စာများရေးထားကြောင်း၊

တာဝန်ခံမိတ္တူမှန်
323 (1)(Copy)
လက်မှတ်ထိုးသူ
(အေးအေးမြင့်)
လက်ထောက်ညွှန်ကြားရေးမှူး
ခုံးတိုင်းဒေသကြီးတရားလွှတ်တော်

မိမိထံတွင်လည်း ၄" ၆" စာအုပ် ဝယ်သူအမည်ဖြင့်ထားရှိပြီး ယူသောနေ့၊ ဆန်အမျိုးအစား၊ အိတ်အရေအတွက်၊ ဈေးနှုန်း၊ သင့်ငွေများရေးမှတ်ခြင်းကို ၄င်းနှင့်ဇနီးလိုပြ(၁)မဇင်ဇင်လတ်သာလုပ်ကြောင်း၊ ငွေများလာရောက်ပေးချေပါက ထိုဝယ်သူ၏စာအုပ်နှင့်၄င်းတို့လက်ခံစာအုပ်တွင် ကွဲပြားသောမှင်ရောင်ဖြင့်ငွေဆပ်ကြောင်း၊ ပယ်ဖျက်ပေးခြင်း၊ ငွေလက်ခံဘောက်ချာတွင်လည်း ဖျက်ပေးခြင်း၊ ငွေဆပ်ကြောင်းထားရှိသည့်ငွေစာရင်းစာအုပ်တွင်လည်းဖျက်ပြီး ဆပ်သောနေ့ရေးမှတ်ခြင်းလုပ်ခဲ့ကြောင်း၊ ၄င်းဆိုင်တွင်ထားရှိသော ၄" ၆" အရွယ် ဖိုးခိုင်အမည်မျက်နှာဖုံးပါ ဖုန်းအမှတ်-၀၉၄၂၈၀၁၂၅၂၁ နံပါတ်ရေးထားသည့် ဆန်ဝယ်စာရင်းစာအုပ်မူရင်းအား 'သက်သေခံ က'၊ အဆိုပါမူရင်းစာအုပ်ကုန်သွား၍ ဗလာစာအုပ်ဖြင့် ပြုလုပ်ရေးသွင်းထားသော စာရင်းစာအုပ် 'သက်သေခံ ခ'၊ ဖိုးနိုင်အမည်ဖြင့် ဆန်အကြွေးစနစ်ဖြင့်ဝယ်ယူသောစာရင်းစာအုပ်'သက်သေခံ ဂ'၊ ရွှင်မင်းမနီလာ-ခေါင်းစဉ်ဖြင့် ဆန်အကြွေးဝယ်မှတ်တမ်းစာအုပ်အား'သက်သေခံ ဃ'၊ ဆန်အကြွေးဝယ်သူများငွေလာသွင်း၍ ရေးသွင်းမှတ်သားထားသော ငွေစာရင်းစာအုပ်အား 'သက်သေခံ င'၊ (၁၀. ၁၁. ၂၀၁၃)နေ့မှ (၁၀. ၁၂. ၂၀၁၃)နေ့အထိ တရားပြိုင်များဝယ်ယူပြီး ငွေများပေးချေခြင်းမရှိသည့်ဆန်အိတ်(၄၈၆)အိတ်၊ တန်ဘိုးငွေပေါင်း-၉၀၄၃၅၀၀ိ/-မှာ ဖိုးခိုင်နှင့်မဖြူတို့၏ဆန်အကြွေးစာရင်းစာအုပ်သက်သေခံ(က)၊ (ခ)ထဲမှ ပြုစုထားသောစာရင်းစာရွက် ၂ရွက်အား သက်သေခံ'ဆ' အဖြစ်တင်ပြထားပြီး တရားပြိုင်များမှပေးဆပ်ခြင်းမရှိကြောင်း ထွက်ဆိုထားသည်။ လိုပြ(၁) မဇင်ဇင်လတ်(တရားလို၏ဇနီး)နှင့်လိုပြ(၂)ဒေါ်ခင်ရီ(တရားလို၏ယောက္ခမ)တို့ကလည်း တရားလို၏ထွက်ချက်အား ထောက်ခံထွက်ဆိုထားသည်။ တရားလိုတင်ပြထားသော သက်သေခံ'ဆ' စာရင်းအရမှ တရားပြိုင်များမှနေ့အလိုက် ဆန်ယူသောအရေအတွက်၊ ဆန်အမျိုးအစား၊ ဈေးနှုန်းသင့်ငွေများတွက်ချက်မှုမှာလည်း အိတ်အရေအတွက်နှင့်ငွေများ ကိုက်ညီမှုရှိကြောင်းနှင့်ထိုငွေများအနက်တရားပြိုင်များမှ(၁၁. ၁၂. ၂၀၁၃)နေ့ ပေးသွင်းငွေမှာ(၁၄၀၀၀ိ/-)ဖြစ်ကြောင်း၊ ငွေစာရင်းစာအုပ်သက်သေခံ 'င'တွင်ရေးသားထား၍ တရားပြိုင်များပေးရန်ကျန်ငွေမှာ (၈၉၀၃၅၀၀ိ/-)ဟု တရားလိုဘက်မှ တရားပြိုင်များယူသောဆန်အိတ်စာရင်းစာအုပ်များကို တင်ပြထွက်ဆိုထားသည်ကိုလည်းတွေ့ရသည်။

စစ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ယူသည်

တရားပြိုင်များအနေဖြင့် တရားလိုထံမှဆန်များအား တစ်ဆင့်ဝယ်ယူရောင်းချခြင်းမရှိပါကြောင်း၊ ဆန်များတရားလိုပွဲရုံမှတစ်ဆင့်ယူရောင်းချသွားသူမှာ ယခင်က တရားလိုပွဲရုံတွင် ဆန်ပို့သူအဖြစ်လုပ်ကိုင်ခဲ့သူညီညီ(ခ)နေလင်းဦးသာဖြစ်ကြောင်း၊ နေလင်းဦးဖြစ်၍ တရားလိုဦးအောင်ကျော်ဦးမှ အမှုဖွင့်ခိုင်းရန်ခြိမ်းခြောက်၍ ၄င်းမှ ညီညီ(ခ)နေလင်းဦးအပေါ်အမှုဖွင့်ရန် လိုပြ(၅)ရဲအုပ်သောင်းမင်းထွန်းထံ (၁၂. ၁၂. ၂၀၁၄)နေ့ကသွား၍ အမှုဖွင့်ရကြောင်း၊ အမှုတိုင်တန်းစာမှာတရားလိုဦးအောင်ကျော်ဦးရေးပေးခဲ့ကြောင်းနှင့်ထိုတိုင်စာ သက်သေခံ-'ဈ' ဖြင့် တိုင်ခဲ့ပါကြောင်း (၂)တရားပြိုင်ဒေါ်မိဖြူမှ ထုချေထားသည်။ သက်သေခံ'ဈ' တိုင်စာတွင်မူ 'ထိပ်တန်းကြယ်' ဆန်ပွဲရုံမှဆန်များကို ၄င်းမှဝယ်ယူပြီး တစ်ဆင့်ဖေါက်သည်ပြန်ရောင်းကြောင်း၊ ၄င်းထံမှ လဆိုင်းဖြင့် ညီညီဆန်အိတ်(၁၀. ၁၁. ၂၀၁၃)မှ(၁၁. ၁၂. ၂၀၁၃)ထိ (၄၈၆)အိတ်တန်ဘိုး-၈၉၀၃၅၀၀ိ/-ဝယ်ယူပြီး ငွေမသွင်းဘဲထွက်ပြေးသွား၍ လိမ်လည်သွားသောညီညီကို အရေးယူပေးရန် (၂)တရားပြိုင်မဖြူ(ခ)မခင်ခင်မော်မှ လက်မှတ်ထိုး၍ တိုင်တန်းခဲ့ကြောင်းနှင့်လိုပြ(၅)ရဲအုပ်သောင်းဝင်းထွန်းထွက်ချက်အရလည်း ၄င်းထံဦးစွာ လာတိုင်သူမှာ ဒေါ်မဖြူတစ်ဦးတည်းဖြစ်ကြောင်း၊ သက်သေခံ(၆)

တာဝန်ခံမိတ္တူမှန်
(1)(Copy) 32
(အောင်အောင်မြင့်)
ဒုတိယတောင်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

အရ တွေ့ရကြောင်း၊ (၂)တရားပြိုင်မှာ တရားလိုပွဲရုံမှ ၄င်းယူရောင်းသောဆန်အိတ်များကို ညီညီမှ လိမ်လည်ရယူသွားသဖြင့် ညီညီအား အရေးယူရန်တိုင်တန်းခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရပေသည်။ တရားလိုစွပ်စွဲထားသည့် ဆန်အကြွေးဝယ်စာရင်း သက်သေခံ'က'၊ 'ခ' ပါ နေ့အလိုက်ဆန်ဝယ်ယူ စာရင်းတန်ဘိုးငွေများနှင့်ပတ်သက်၍မူ တရားပြိုင်များဘက်မှ သက်သေခံစာရွက်စာတမ်းများဖြင့် ခိုင်လုံစွာထုချေတင်ပြထားခြင်းမရှိကြောင်းလည်း တွေ့ရသည်။

(၂)တရားပြိုင်မမိဖြူနှင့်၄င်းခင်ပွန်း ဖိုးခိုင်၊ ပြိုင်ပြ(၁)ဦးနိုင်ဝင်း၊ ပြိုင်ပြ(၂)ဦးစိန်ရွှေအောင်၊ ပြိုင်ပြ(၃)ဦးမျိုးဇော်တို့ရှိစဉ်က တရားလိုအောင်ကျော်ဦးမှ ညီညီ(ခ)နေလင်းဦးအား အမှုတိုင်ပေးရန် မတိုင်ပါက အချုပ်ထဲထည့်မည်ဟုခြိမ်းခြောက်ပြောဆို၍ ၄င်းအမှုအား တရားလိုအောင်ကျော်ဦးစီစဉ်ခိုင်းသလို တိုင်ရပါသည်ဆိုခြင်းမှာလည်း သဘာဝမကျ၊ ယုတ္တိမရှိဟု သုံးသပ်ရသည်။ ခြိမ်းခြောက်ခံရပါကြောင်းကိုလည်း တရားပြိုင်များဘက်မှတိုင်တန်းခဲ့ခြင်းလည်းမရှိခဲ့ပေ။ (၂)တရားပြိုင်မှ အမှုတိုင်တန်းရာတွင် တရားလိုပွဲရုံမှရရန်ရှိငွေပေါင်းမှာ ၈၉၀၃၅၀၀/-ဟုပါရှိသော်လည်း ဆန်အိတ်အရေအတွက်မှာမူ(၄၈၆)အိတ်ဟု တရားလိုထွက်ချက်စာရင်းနှင့်(၁၈)အိတ်ကွာနေကြောင်းတွေ့ရပြီး ဆန်အိတ်(၄၈၆)အတွက် ကျသင့်ငွေမှာ ၈၉၀၃၅၀၀/-မှန်ကြောင်း ဇယားနှင့်တကွ မှန်ကန်စွာတင်ပြနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။

အမှတ်(၂)တရားပြိုင်မှ ၂၀၁၃ခုနှစ်၊ မတ်လတွင် တရားလိုပွဲရုံမှ အလုပ်သမား (ဆန်ပို့ပေးသူ)လုပ်ရသည့် ညီညီ(ခ)နေလင်းဦးအား ၂၀၁၃ခုနှစ်၊ ဇွန်လတွင် ဆန်ပွဲစားတရားလိုထံတွင် လုပ်ရန် ၄င်းခင်ပွန်း ဖိုးခိုင်စပ်ပေး၍ တရားလိုမှလက်ခံခဲ့သည်ဆိုခြင်းအပေါ် သုံးသပ်ကြည့်ရာတွင်လည်း မိမိထံတွင် အလုပ်သမားလုပ်ခဲ့ဘူးသူအား ဆန်ပွဲစားကဲ့သို့လုပ်ရန် ယုံကြည်မှုအပြည့်ဖြင့် တရားလိုမှ လက်ခံသဘောတူခဲ့သည်ဆိုခြင်းမှာလည်း သဘာဝမကျပေ။ ထို့ကြောင့် (၂)တရားပြိုင်၏ ထုချေတင်ပြချက်များမှာခိုင်လုံပြီး သဘာဝကျသောထုချေချက်များမဟုတ်ဟု သုံးသပ်ရသည်။

သို့ဖြစ်၍ တရားပြိုင်များမှာ တရားလိုထံမှ ဆန်အိတ်များအား အကြွေးစနစ်ဖြင့်ဝယ်ယူခဲ့ပြီး ၄င်းမှတစ်ဆင့် ညီညီ(ခ)နေလင်းဦးကိုပြန်ရောင်းရာမှ ညီညီ(ခ)နေလင်းဦးထွက်ပြေးသွား၍ (၂)တရားပြိုင်မှ နေလင်းဦးအား အရေးယူရန်တိုင်ခဲ့ခြင်းဖြစ်ကြောင်းသာ ပေါ်ပေါက်သည်။

တရားပြိုင်များမှာ တရားလိုထံမှ ဆန်အိတ်များဝယ်ယူပြီး တစ်ဆင့်ရောင်းချခဲ့သည်မှာ မှန်ကြောင်းဖြေကြားလိုက်သည်။

**ကောက်ချက်(၂)**

စ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ယူသည်၊

တရားလိုဦးအောင်ကျော်ဦးမှ ၄င်းဆန်ပွဲရုံမှဆန်များကို အကြွေးစနစ်ဖြင့်ဝယ်ယူကြသော တရားပြိုင်ဖိုးခိုင်နှင့်မဖြူ ဖိုးနိုင်၊ လိုပြ(၅)မင်းမင်းနှင့်နီလာတို့တွင် ဆန်အိတ်များဝယ်စဉ်က ၄" ၆" အရွယ်စာရင်းပြုစုသော စာအုပ်များပေးထားပြီး ၄င်းတွင်လည်း လက်ခံစာအုပ်များထားကြောင်း၊ ငွေများလာဆပ်ပါက ထိုစာအုပ်များနှင့်ဆန်ဝယ်ဘောက်ချာ ၄င်းထံရှိ ငွေစာရင်းမှတ်စုစာအုပ်တွင်ပါ မှင်ရောင်ကွဲဖြင့် စာရင်းပယ်ဖျက်လုပ်ကြောင်းထွက်ဆိုထားပြီး ၄င်းဆန်ဆိုင်ရှိ လက်ခံစာအုပ်များတွင်လည်း ၄င်းထွက်ဆိုထားသည့်အတိုင်း ဆောင်ရွက်ထားတာမှန်ကြောင်း သက်သေခံ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (ဃ-၁) ငွေစာရင်းမှတ်စုစာအုပ် သက်သေခံ(င)တို့အရ တွေ့ရသည်။ တရားပြိုင်များ ဆန်အိတ်များယူပြီး ငွေသွင်းခြင်းမရှိသောစာရင်းစာအုပ် သက်သေခံ (က)၊ (ခ) တို့မှ ရွေးထုတ်ထားသော သက်သေခံ(ဆ)စာရင်းအရလည်း တရားပြိုင်များထံမှ ဆန်အိတ်(၄၈၆)အိတ်

တာဝန်ခံမိတ္တူမှန်
လက်ထောက်ညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်တရားလွှတ်တော်

အတွက် ရရန်ကျန်ငွေမှာ ၉၀၄၃၅၀ဝိ/-ဟုပေါ်ပေါက်ပြီး တရားပြိုင်များပေးသွင်းပြီးငွေမှာ သက်သေခံ (င)စာရင်းအရ ၁၄၀၀၀ဝိ/-ဖြစ်သဖြင့် စုစုပေါင်းတရားလိုရရန်ငွေပေါင်းမှာ ၈၉၀၃၅၀ဝိ/-ဖြစ်ကြောင်းတင်ပြထားပြီး လိုပြ(၂)မဖင်ဖင်လတ်၊ လိုပြ(၃)ဒေါ်ခင်ရီမှ ထောက်ခံထားပြီး လိုပြ(၃) ဦးကျော်ငြိမ်းကလည်း ဖိုးခိုင်မှ တရားလိုအား ဆန်အိတ်(၄၀၀)ကျော်ဘိုး သိန်း(၉၀)ကျော်ပေးရန်ရှိကြောင်း၊ လိုပြ(၄)ဦးတင်ငွေကလည်း ဖိုးခိုင်မှ တရားလိုအား သိန်း(၈၀)ကျော်ပေးရန်ရှိ၍ ဘယ်လိုလုပ်ရင်ကောင်းမလဲ လာတိုင်ပင်ခဲ့ကြောင်း၊ လိုပြ(၅)မင်းမင်းကလည်း ၂၀၁၃ခုနှစ်နှစ်ကုန်တွင် မဖြူမှာထမ်းရှိလို့ပွဲရုံမှ ဆန်းဘိုးပြန်လည်ပေးဆပ်ခြင်းမရှိကြောင်း၊ တရားလို၏ထွက်ချက်အား လိုပြ(၅) ဦးလုံးမှထောက်ခံထွက်ဆိုထားသည်ကိုလည်း တွေ့ရသည်။

ညီညီ(ခ)နေလင်းဦးမှာ တရားလိုဆန်ပွဲရုံတွင် ဆန်ဝယ်ခြင်းရှိကြောင်းကိုမူ လိုပြသက်သေမည်သူကမျှထွက်ဆိုထားခြင်းမရှိပေ။ ဆန်အိတ်ပို့ခြင်းကိုသာ နေလင်းဦး(ခ)ညီညီလုပ်ကြောင်းကို တရားလို လိုပြ(၁)မဖင်ဖင်လတ်၊ လိုပြ(၃)ဒေါ်ခင်ရီ၊ လိုပြ(၅)မင်းမင်းတို့မှ ထွက်ဆိုထားကြောင်းတွေ့ရသည်။

တရားပြိုင်များမှ တရားလိုဆန်ပွဲရုံမှ ဆန်များတစ်ဆင့်ဝယ်ယူပြီး နေလင်းဦး(ခ)ညီညီအား ရောင်းခိုင်းခဲ့ခြင်းမရှိကြောင်းကို ထုချေထားပြီး ပြိုင်ပြ(၁)ဦးဖိုးနိုင်၊ ပြိုင်ပြ(၂)ဦးနိုင်ဝင်း၊ ပြိုင်ပြ(၃)ဦးမျိုးဇော်မှလည်းမှန်ကြောင်း ထောက်ခံထွက်ဆိုထားကြသည်။ တရားပြိုင်များအနေဖြင့် တရားလိုမှရုံမှ ဆန်အိတ်(၄၈၆)အိတ်အတွက် ဆန်ဘိုးငွေ ၈၉၀၃၅၀ဝိ/-ကိုယူပြီး ထွက်ပြေးသွားသူမှာ ညီညီ(ခ)နေလင်းဦးဖြစ်ကြောင်းထုချေသော်လည်း သက်သေခံ(က)၊ (ခ)၊ (ဆ)ပါ စာရင်းများမှာ ၎င်းတို့နှင့်မသက်ဆိုင်ကြောင်း၊ နေလင်းဦး(ခ)ညီညီနှင့်သာ သက်ဆိုင်ကြောင်း၊ သက်သေအထောက်အထားမတင်ပြနိုင်ပေ။ (၂)တရားပြိုင်မမိဖြူတင်ပြသော သက်သေခံ(၂)စာမှာလည်း တရားပြိုင်မှာ တရားလိုထံမှ ဆန်များတစ်ဆင့်ဝယ်ယူပြီး ပြန်ရောင်းကြောင်းနှင့်(၂)တရားပြိုင်ထံမှဆန်များကို ညီညီကလဆိုင်းဖြင့်ဝယ်ပြီးပြန်ရောင်းကြောင်း၊ (၁၁. ၁၂. ၂၀၁၃)နေ့အထိ ဆန်အိတ် (၄၈၆)အိတ်ဘိုးငွေ ၈၉၀၃၅၀ဝိ/-ကို မသွင်းဘဲ လူပါထွက်ပြေးတိမ်းရှောင်ကြောင်း၊ (၁၂. ၁၂. ၂၀၁၃)နေ့ကတိုင်ကြားခဲ့သဖြင့် ထိုစာအရလည်း (၂)တရားပြိုင်မှာ တရားလိုထံမှအကြွေးဝယ်သောဆန်အိတ်များကို ညီညီထံပြန်ရောင်းရာမှ ညီညီငွေများမပေးဘဲထွက်ပြေး၍ (၂)တရားပြိုင်မှ တိုင်ရကြောင်းတွေ့ရသည်။

(၂)တရားပြိုင်မှ အဆိုပါသက်သေခံ(၂)တိုင်စာမှာ ၎င်းအား တရားလိုမှစာရေးသားပြီးတိုင်ခိုင်း၍ တိုင်ရကြောင်းထွက်ဆိုသော်လည်း ၎င်း၏သက်သေ ပြိုင်ပြ(၂)ဦးနိုင်ဝင်းကမူ ၎င်းရှေ့တွင် (၂)တရားပြိုင်အား အမှုတိုင်ရန် တရားလိုပေးသောစာ(၂)စောင်မှ လက်နှိပ်စက်ဖြင့်ရိုက်ထားကြောင်းထွက်ဆိုထား၍ ၎င်း၏ထွက်ချက်နှင့်သက်သေခံ(၂)ကွန်ပျူတာစာရွက်နှင့်ကွဲလွဲနေကြောင်းတွေ့ရခြင်း၊ အမှုတိုင်ရန် (၂)တရားပြိုင်အား ၎င်းခင်ပွန်းနှင့်အတူပါသူ ပြိုင်ပြ(၂)ဦးနိုင်ဝင်း၊ ဦးစိန်ရွှေအောင်၊ ဦးမျိုးဇော် စသည့်လူများရှေ့တွင် တရားလိုမှခြိမ်းခြောက်တိုင်ခိုင်းခြင်းမှာလည်း သဘာဝမကျယုတ္တိမရှိ၍မှန်သည်ဟုမမှတ်ယူနိုင်ခြင်း၊ အမှုတိုင်ရန်လုပ်စဉ်က တရားလိုထံမှ'သက်သေခံ ခ' ပါ ဖိုးခိုင်၊ မဖြူစာရင်းမှ တရားပြိုင်မှ လက်ခံကူးယူခဲ့ကြောင်း၊ 'သက်သေခံ ၅' အရ တွေ့ရခြင်းတို့ကြောင့် တရားလိုနှင့်တရားပြိုင်များမှ ဆန်အရောင်း/အဝယ်ဆက်စပ်မှုရှိနေကြောင်း ပေါ်ပေါက်ပြီး တရားပြိုင်များယူသောစာရင်းအရနှင့်ငွေလက်ကျန်စာရင်းများကိုလည်း သဘာဝကျကျ၊ ယုတ္တိရှိစွာတင်ပြနိုင်၍ တရားပြိုင်များသည် တရားလိုအား ဆန်အိတ်(၄၆၈)အိတ်အတွက် ကျန်ငွေကျပ်-

မိတ္တူမှန်ကန်ကြောင်းတာဝန်ယူသည်
တာဝန်ခံမိတ္တူမှန်
အစရှိ မှုထောက်ချုပ်
ကလေးဝဲ ဘောက်ညွှန်
တိုင်းဒေသကြီးတရားလွှတ်တော်

၈၉၀၃၅၀၀ိ/-ပေးရန်ကျန်သည်မှာ မှန်ကြောင်းဖြေကြားလိုက်သည်။

**ကောက်ချက်(၃)**

ကောက်ချက်(၁)၊ (၂)ဖြေကြားချက်များအရ တရားပြိုင်များသည် တရားလိုအားပေးရန် ကျန်ငွေများမှာ ဆန်အိတ်(၄၆၈)အိတ်အတွက် ငွေကျပ်-၈၉၀၃၅၀၀ိ/-ဖြစ်ကြောင်းပေါ်ပေါက်ပြီး ထိုငွေများကို တရားလိုမှ တရားစွဲဆိုချိန်အထိ ၂နှစ်ကျော်ခန့်ကြာသည့်တိုင်မရခဲ့ကြောင်းပေါ်ပေါက်၍ နစ်နာဆုံးရှုံးမှုဖြစ်ခဲ့ရသဖြင့် တရားပြိုင်များအနေဖြင့် တရားလိုတောင်းဆိုသောနစ်နာကြေးငွေ-၁၅၀၀၀၀၀ိ/-ကိုလည်းပေးသင့်ကြောင်း သုံးသပ်ရသဖြင့် (၁)တရားပြိုင်ကိုဖိုးခိုင်(ခ)ကိုကျော်ခိုင်ဝင်းနှင့်(၂)တရားပြိုင်မမိဖြူ(ခ)မခင်ခင်မော်တို့မှ တရားလိုအောင်ကျော်ဦးအားပေးဆပ်ရန်ကျန်ရှိသည့် ဆန်အိတ်(၄၆၈)အိတ်ဘိုးအတွက် ငွေ-၈၉၀၃၅၀၀ိ/-နှင့်နစ်နာကြေးငွေ-၁၅၀၀၀၀၀၊ စုစုပေါင်းငွေ-၁၀၄၀၃၅၀၀ိ/-အား စရိတ်နှင့်တကွပေးဆပ်စေရန် အမိန့်ချမှတ်လိုက်သည်။

ရှေ့နေစရိတ်-၃၀၀၀ိ/-သတ်မှတ်သည်။

( အေးအေးမြင့် )
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး

စစ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ယူသည်၊

(T)(Copy)

တာဝန်ခံမိတ္တူမှန်

လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်